# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 9 , 2023 Volume 67, Number 7

၉.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၃.၉၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၉.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၅.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

### မေလ ကမ္ဘာ့စားသောက်ကုန်ဈေးများ နှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ကျဆင်း

ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီကထုတ်ပြန်တဲ့ ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းညွှန်းကိန်းတွေဟာ ပြီးခဲ့တဲ့ မေလအတွင်းမှာ နှစ်နှစ်အတွင်း အနိမ့်ဆုံးကို ကျသွားခဲ့ပါတယ်။

မေလထဲမှာ သကြားနဲ့အသားဈေးတွေ မြင့်တက်ခဲ့ပေမဲ့ ဟင်းသီးဟင်းရွက်ဆီ၊ နှံစားသီးနှံနဲ့ နို့ထွက်ပစ္စည်း ဈေးတွေကျဆင်းမှုက အလေးသာသွားခဲ့တာကြောင့်ပါ။ ကမ္ဘာ့ကုန်သွယ်မှုအများဆုံး စားသောက်ကုန်စည်ဈေးနှုန်းတွေကို စောင့်ကြည့်တိုင်းတာနေတဲ့ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ထုတ် စားသောက်ကုန်ဈေးနှုန်းညွှန်းကိန်းဟာ ဧပြီလတုန်းက ၁၂၇ ဒသမ ၇ မှတ်မှာ ရှိခဲ့ရာကနေ မေလမှာတော့ ပျမ်းမျှ ၁၂၄ ဒသမ ၃ မှတ်မှာရှိခဲ့ကြောင်း FAO မှ သောကြာနေ့က ထုတ်ပြန်ခဲ့ပါတယ်။ မေလဈေးနှုန်းညွှန်းကိန်းဟာ ၂၀၂၁ ဧပြီနောက်ပိုင်း အနိမ့်ဆုံးဖြစ်ပြီး ရုရှားက ယူကရိန်းကို ကျူးကျော်စစ်စဖြစ်သည့် ၂၀၂၂ မတ်လမှာ ရောက်ခဲ့တဲ့ စံချိန်တင် အမြင့်ဆုံးနှုန်းထက် ၂၂ ရာခိုင်နှုန်း လျော့နည်းခဲ့တာဖြစ်ပါတယ်။

နှံစားသီးနှံဈေးညွှန်းကိန်းကတော့ မေလမှာ ယခင်လထက် ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါက နှံစားသီးနှံရောင်းလိုအား မြင့်မားလာနိုင်မှုနဲ့ ယူကရိန်းသီးနှံတင်ပို့ရောင်းချမှုကို ခွင့်ပြုပေးစေတဲ့ ပင်လယ်နက် ကောက်ပဲသီးနှံရောင်းချခွင့်သဘောတူညီချက်ကို သက်တမ်းတိုးပေးခဲ့တာတို့ကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့ နိုင်ငံတကာဆန်ဈေးတွေကတော့ မေလအတွင်း မြင့်တက်ခဲ့ပြီး ဒါဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆန်တင်ပို့နိုင်ငံတွေမှာ ရောင်းအား လျော့နည်းလာတာကြောင့်လို့ FAO က ထုတ်ပြန်ပါတယ်။ အေဂျင်စီအနေနဲ့ ပြီးခဲ့တဲ့လကတည်းက ဆန်ဈေးတွေ မြင့်တက်လာမှာစိုးရိမ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

FAO ရဲ့ ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းဟာ လအလိုက် ၉ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ပြီး ဆီထွက်သီးနှံရောင်းအား များနေကြောင်းနဲ့ စားအုန်းဆီဝယ်လိုအားနည်းနေတာကို ထင်ဟပ်ပြနေပါတယ်။ ကမ္ဘာ့နို့ထွက်ပစ္စည်းဈေးနှုန်းကတော့ မြောက်ကမ္ဘာခြမ်းနိုင်ငံတွေမှာ နွားနို့အထွက်ကောင်းချိန် ကျနေလို့ ဈေးသုံးရာခိုင်နှုန်းကျော် ကျဆင်းခဲ့တယ်လို့ အေဂျင်စီက ထုတ်ပြန်ပါတယ်။

အယ်နီညိုရာသီဥတုဖြစ်ထွန်းမှုက ကမ္ဘာ့သကြားရောင်းအားပြဿနာကို ထပ်တိုးစေမယ်ဆိုတဲ့ စိုးရိမ်ချက်တွေကြောင့် သကြားဈေးကတော့ လေးလဆက်တိုက် ဈေးတက်မှုအဖြစ် ဧပြီလကထက် ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း FAO က ထုတ်ပြန်ပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဒါပေမဲ့ ဘရာဇီးနိုင်ငံမှာ မိုးလေဝသကောင်းမွန်လာတာနဲ့ ရေနံစိမ်းဈေးကျလာတာတွေကတော့ သကြားဈေးကို အထိန်းအချုပ်ဖြစ်စေခဲ့တယ်လို့ ယင်းက ထုတ်ပြန်ပါတယ်။ သကြားကြိုပွိုင့်ဈေးတွေဟာ ဧပြီလကုန်ပိုင်းတုန်းက ၁၂ နှစ်အတွင်း အမြင့်ဆုံးရောက်ခဲ့ရာကနေ မေလရောက်တော့ ပြန်လည်ကျဆင်းလာမှုတော့ရှိခဲ့တယ်လို့ သိရပါတယ်။

**Ref: World food prices fall to two-year low in May, UN food agency says**

**Source:** https://greenwaymyanmar.com/posts/Global_food_prices_fall_down

## ပြည်ပဒူးရင်းများကို တရုတ်ဒူးရင်း ယှဉ်ပြိုင်ရမည်

တရုတ်နိုင်ငံသည် ယမန်နှစ်က လတ်ဆတ်ဒူးရင်း တန်ချိန် ၈၂၄,၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၄ ဘီလီယံဖိုးကို ပြည်ပမှ တင်သွင်းခဲ့သည်။ တရုတ်၏ ပြည်တွင်းဒူးရင်းသည် ထိုင်းနှင့်မလေးရှားတို့မှ ဒူးရင်းများက တရုတ်ပြည်တွင်းဈေးကွက် လွှမ်းမိုးထားခြင်းကို ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့သည် တရုတ် ဒူးရင်း တိုးတက်ဖြစ်ပေါ်မှုကို အခြေအနေ စောင့်ကြည့်နေသည်။ နောင်တစ်ချိန်တွင် တရုတ်ဒူးရင်းသည် ပြိုင်ဘက် ဖြစ်လာနိုင်သည်။ မလေးရှားနိုင်ငံသည် ပထမတန်းစား တန်ဖိုးကြီး အေးခဲ ဒူးရင်းများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

တရုတ်ပြည်သည် ယခုနှစ်တွင် ဒူးရင်းသီး အမြောက်အမြား ပထမဆုံးအကြိမ် စတင်ထုတ်လုပ်သည်။ ဟိုင်နန်၏ ပထမဆုံးအကြိမ် ဒူးရင်း ဆွတ်ခူးခြင်းသည် ပြည်တွင်းဈေးကွက်ထဲသို့ တန်ချိန် ၂,၄၅၀ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။

ဟိုင်နန်ကျွန်းအတွက် ငွေဝင်သီးနှံ ဖြစ်လာစေရန် ဒူးရင်းကို ၂၀၂၀ ပြည့်နှစ်တွင် စတင်စိုက်ပျိုးခဲ့သည်။ ကြီးထွားနှုန်း မြန်စေသည့် နည်းပညာကြောင့် ယခုနှစ်တွင် ဒူးရင်းသီးများ ဆွတ်ခူးနိုင်ပြီ ဖြစ်သည်။

မလေးရှားမှ ဒူးရင်း အကယ်ဒမီ ထူထောင်သူ ဒူးရင်းကျွမ်းကျင်ပညာရှင် Lim Chin Khee သည် တရုတ်ပြည်မှ ဒူးရင်းခြံများသို့ နှစ်လ တစ်ကြိမ် သွားရောက်ပြီး ဒူးရင်း စိုက်ပျိုးသူများကို နည်းပေးလမ်းပြ ပြုပေးသည်။

Lim က တရုတ်ဒူးရင်းသည် ထုတ်လုပ်မှု အလွန်များပြားသည့် အဆင့်သို့ ရောက်မလာနိုင်ဟု ယူဆသည်။ စိုက်ခင်း ပိုင်ရှင်များသည် မြေကို မပိုင်ကြချေ။ ငှားရမ်းခပေးပြီး စိုက်ပျိုးကြရသည်။ တိုင်ဖုန်းမုန်တိုင်းဒဏ်ကိုလည်း ခံရသည်။ သို့ဖြစ်ရာ တရုတ် ဒူးရင်းသည် မလေးရှား ဒူးရင်း၏ ပြိုင်ဘက် ဖြစ်လာမည်မဟုတ်။ ဖြည့်ဘက်အနေဖြင့်သာ ဆက်ရှိနေမည်ဟု သူက ခန့်မှန်းထားသည်။ အရသာအနေဖြင့် ဟိုင်နန်ဒူးရင်းသည် ထိုင်းဒူးရင်းကို မမီချေ။ သို့ဖြစ်ရာ ထိုင်းဒူးရင်း၏ ပြိုင်ဘက် ဖြစ်မလာနိုင်ဟု သုံးသပ်သည်။

ထိုင်းနိုင်ငံသည် ယမန်နှစ်တွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံဖိုး တင်ပို့ခဲ့သည်။ ထိုင်းနိုင်ငံ ဒူးရင်းတင်ပို့မှု၏ ၉၆ ဒသမ ၂ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

**Source: scmp**

https://t.me/Guid4U

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/6313-durain.html

## မြန်မာ-တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ မေလအတွင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၀၉ သန်းကျော်ရှိပြီး တရုတ်ဘက်မှ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ လျှပ်စစ်မော်တော်ဆိုင်ကယ်များ၊ ဓာတ်မြေဩဇာ၊ ကားတာယာများ စသည်တို့တင်သွင်း

မြန်မာ-တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၂၃ ခုနှစ် မေလအတွင်း ကုန်သွယ်မှုပမာဏဒေါ်လာ ၁၀၉ သန်းကျော်ရှိပြီး တရုတ်ဘက်မှ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ လျှပ်စစ်မော်တော်ဆိုင်ကယ်များ၊ ဓာတ်မြေဩဇာ၊ ကားတာယာများ စသည်တို့ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မေ ၃၀ ရက်တွင် ပို့ကုန်တန်ဖိုးဒေါ်လာ သုည ဒသမ ၈၂၄ သန်း၊ သွင်းကုန် တန်ဖိုး ဒေါ်လာ၃ ဒသမ ၀၅၃ သန်း၊ ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ သရက်သီး ၄၈၅ ဒသမ ၁၀၀ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၂၀၅ သန်း၊ ငရုတ်သီး ၉၅ ဒသမ ၂၉၀ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၁၄၃သန်း၊ ကဏန်း ၁၉ ဒသမ ၆၂၅ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၈၃သန်း၊ ငါးရှဉ့် ၂၀ ဒသမ ၁၆၀တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၇၃ သန်း၊ အလူမီနီယံသတ္တု ၃၄ ဒသမ ၆၀၀ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၆၂ သန်း၊ ဝါဂွမ်း ၃၂ ဒသမ ၃၆၀တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၅၈သန်း၊ မြေပဲ ၃၄ ဒသမ ၀၀တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၅၆ သန်း၊ နနွင်းတက် ၇၈ ဒသမ ၈၀၀ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၀၄၄ သန်း၊ ပုစွန်ခြောက် ၆၇ တန်၊ တန်ဖိုး သုည ဒသမ၀၃၂ ဒေါ်လာသန်း၊ မိကျောင်းကွမ်းဖတ်စေ့ ၂၈ ဒသမ ၅၃၀ တန်၊ တန်ဖိုး သုည ဒသမ ၀၂၈ဒေါ်လာသန်းတို့ ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့်ယာဉ်ယန္တရားများ တန်ဖိုးဒေါ်လာ ၀ ဒသမ ၄၅၇ သန်း၊ လျှပ်စစ်မော်တော်ဆိုင်ကယ် တန်ဖိုးဒေါ်လာ ၀ ဒသမ ၁၆၃ သန်း၊ ဒီဇယ်ဆီတန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၄၀ သန်း၊ ပုံနှိပ်မှင် တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၈၀ သန်း၊ သံဘောင်တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၇၈ သန်း၊ ဆိုလာပြားတန်ဖိုးဒေါ်လာ ၀ ဒသမ ၇၄၀ သန်း၊ ဓာတ်မြေသြဇာတန်ဖိုးဒေါ်လာ ၀ ဒသမ ၀၇၂ သန်း၊ ကားတာယာ/ကျွတ်တန်ဖိုး ဒေါ် လာ ၀ ဒသမ ၀၅၇ သန်း၊ ရုပ်မြင်သံကြားစက် တန်ဖိုးဒေါ်လာ ၀ ဒသမ ၁၅၀သန်း၊ ဆိုလာမီးအားမြှင့်စက် တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၈၁ သန်းတို့ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်မှ ၃၀ ရက်အထိ ပို့ကုန်တန်ဖိုးဒေါ်လာ ၃၅ ဒသမ ၆၅၀ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၇၃ ဒသမ ၆၅၈ သန်း၊ ကုန်သွယ်မှုတန်ဖိုးဒေါ်လာ ၁၀၉ ဒသမ ၃၀၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၀ ဒသမ ၈၇၆ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မေ ၃၀ ရက်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအား သရက်သီး တစ်တန်လျှင် ဒေါ်လာ ၄၂၃ ဒသမ ၁၆၀ နှုန်း၊ ငရုတ်သီးတစ်တန်လျှင် ဒေါ်လာ ၁၄၉၄ ဒသမ ၇၈၀ နှုန်း၊ ကဏန်းတစ်တန်လျှင် ဒေါ်လာ ၄၂၄၅ ဒသမ ၇၉၀ နှုန်း၊ ငါးရှဉ့်တစ်တန်လျှင် ဒေါ်လာ ၃၆၁၄ ဒသမ ၅၅၀ နှုန်း၊ အလူမီနီယံခဲသတ္တု တစ်တန်လျှင် ဒေါ်လာ ၁၇၈၅ ဒသမ ၉၁၀ နှုန်း၊ ဝါဂွမ်းတစ်တန်လျှင် ဒေါ်လာ ၁၈၀၄ ဒသမ၂၀၀နှုန်း၊ မြေပဲတစ်တန်လျှင် ဒေါ်လာ ၁၆၄၈ ဒသမ ၅၃၀ နှုန်း၊ နနွင်းတက်တစ်တန်လျှင် ဒေါ်လာ ၅၅၄ ဒသမ ၄၆၀ နှုန်း၊ ပုစွန်ခြောက်တစ်တန်လျှင် ဒေါ်လာ ၄၇၈ ဒသမ ၉၄ နှုန်း၊ မိကျောင်းကွမ်းဖတ်စေ့ တစ်တန်လျှင် ဒေါ်လာ ၉၅၈ ဒသမ ၇၁၀ နှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/249343

## အီဂျစ်နိုင်ငံတွင် ကြက်သွန်နီဈေးများမြင့်တက်လာသည့်အတွက် စားသုံးသူများ အခက်တွေ့နေခြင်း

အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အွန်လိုင်းဖြင့် ရောင်းချနေသည့် ပလက် ဖောင်းတစ်ခုဖြစ်သည့် East Fruit ၏ ခန့်မှန်းချက်အရ အီဂျစ်နိုင်ငံသည် အရှေ့ဥရောပနှင့် ဥရောပသမဂ္ဂဈေးကွက်သို့ ၂၀၂၃ ခုနှစ် ပထမ ၄-၅ လအတွင်း ကြက်သွန်နီ အဓိကတင်ပို့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းသိရသည်။ အီဂျစ်နိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးရန် ကောင်းမွန်သည့် ရာသီဥတုသည် မကြာမီကုန်ဆုံးတော့မည်ဖြစ်ပြီး ယခုနှစ်ကြက်သွန် စိုက်ရာသီတွင် စိုက်ပျိုးသူများ သည် ဝယ်လိုအားမြင့်တက်မှုကြောင့် ဝင်ငွေအလွန်ကောင်းခဲ့ကြသည်။ ထို့အပြင် ဝယ်လိုအားမြင့်တက်မှုကြောင့် ယခင်ထက် အရည်အသွေးနိမ့်သည့် ကြက်သွန်နီများကိုပင် အီဂျစ်နိုင်ငံမှ ကြက်သွန်နီဝယ်ယူတင်သွင်းနေသည့်နိုင်ငံများက တင်သွင်းလျက်ရှိကြောင်း သိရပါသည်။

သို့သော်လည်း အီဂျစ်ပြည်တွင်းတွင် ကြက်သွန်နီအရည်အသွေးနိမ့်ကျပြီး ဈေးနှုန်းမြင့် တက်လာမှုကြောင့် ဝင်ငွေနည်းသည့် အိမ်ထောင်စုများအနေနှင့် ဟင်းချက်ပြုတ်ရာ၌ အဓိက အသုံးပြုပစ္စည်းဖြစ်သည့် ကြက်သွန်နီကို ဝယ်ယူစားသုံးရန် အခက်အခဲ ရှိလာကာ အီဂျစ်ပြည်သူ သန်းပေါင်းများစွာက ကျေနပ်မှုမရှိကြဘဲဖြစ်နေကြသည်။ အဆိုပါ အခြေအနေဖြစ်ပေါ်လာရခြင်းသည် ကြက်သွန်နီ တင်ပို့မှုမြင့်တက်လာခြင်းကြောင့် လက်ကားရောင်းချသည့်ဈေးနှုန်းများ မြင့်တက်လာခြင်းအပေါ်တွင် ပြည်တွင်း ငွေကြေးတန်ဖိုးကျဆင်းခြင်းက ထပ်ဆောင်းလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ အီဂျစ်နိုင်ငံသုံးငွေကြေး အီဂျစ်ပေါင် (Egyptian

pound) တန်ဖိုးသည် တစ်နှစ်အတွင်း ထက်ဝက်ခန့်ကျဆင်းခဲ့ပြီး၊ ဒေါ်လာဖြင့်ရောင်းဝယ်သည့် ကြက်သွန်နီလက်ကား တင်ပို့သည့် ဈေးနှုန်းမှာလည်း နှစ်ဆကျော်တက်လာခဲ့သည်။ ရလဒ်အနေဖြင့် ပြည်တွင်းဈေးကွက်တွင် စားသုံးသူများ ဝယ်ယူရသည့် ဈေးနှုန်းမှာ လေးဆကျော်မြင့်တက်လာခဲ့ခြင်းပင် ဖြစ်ပါသည်။

အီဂျစ်ကြက်သွန်နီစိုက်ပျိုးသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် ဈေးကောင်းရရှိသည့် အတွက် အရည်အသွေးကောင်း ကြက်သွန်များကို ပြည်တွင်းတွင် ရောင်းချခြင်းထက် ပြည်ပသို့တင်ပို့ရန် ကြိုးစားလာကြသဖြင့် စားသုံးသူများအတွက် အခြေအနေပိုဆိုးလာစေခဲ့သည်။ ထို့အတူ အနာဂတ်ငွေလဲလှယ်နှုန်းမသေချာခြင်းကြောင့် ကုန်သည်များသည် အီဂျစ်ပေါင်ထက် နိုင်ငံခြားငွေကိုသာ ကိုင်တွယ်လိုကြသည်။ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်တွင် တင်ပို့ရန်အရည်အသွေးမမီသည့် သို့မဟုတ် ကြာရှည်သိုလှောင်ရန်မသင့်သည့် အရည်အသွေးမမီသည့် ကြက်သွန်နီများကိုသာ ပြည်တွင်း၌ ရောင်းချခဲ့ကြသည်။

အီဂျစ်နိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများသည် ကြက်သွန်စိုက်ပျိုးရန်လို အပ်သည့် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ သီးနှံကာကွယ်ရေးပစ္စည်းများစသည့် သွင်းအားစုများအားလုံးကို ပြည်ပမှ တင်သွင်းနေရသည်။ အဆိုပါ သွင်းအားစုများ၏ တန်ဖိုး သည် အီဂျစ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ဈေးမြင့်တက်လာခဲ့သဖြင့် လာမည့်ကြက်သွန်နီထွက်ရှိမည့် ရာသီတွင်လည်း ဈေး တက်ရန် သေချာလျက်ရှိသည်။

အီဂျစ်နိုင်ငံမှ ကြက်သွန်နီတင်ပို့သည့် အဓိကဈေးကွက်နိုင်ငံများမှာ အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အိုမန်၊ ကူဝိတ်နှင့် ဆီးရီးယားနိုင်ငံတို့ဖြစ်ကြပြီး၊ ဗြိတိန်နှင့် ရုရှားနိုင်ငံများသို့လည်း တင်ပို့ သည်။ ယခုနှစ်တွင် ယူကရိန်း၊ ပိုလန်နှင့် အခြားသောအီးယူနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့ခဲ့သည်။ ထို့အပြင် အာရှအလယ်ပိုင်းဒေသများဖြစ်သည့် ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာမေနစ္စတန်၊ ပါကစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံများသို့ ပထမဆုံးအကြိမ်အဖြစ် တင်ပို့နိုင်ရန် လေ့လာလျက်ရှိပါသည်။

**Source:** east-fruit.com

**Myantrade.gov.mm**

## ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က လေ့လာဆန်းစစ်လျက်ရှိခြင်း

ဂျီနီဗာမြို့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက ဥရောပသမဂ္ဂ၏ ၁၅ ကြိမ်မြောက် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းကို စတင်ပြုလုပ်လျက်ရှိပါသည်။ အဆိုပါကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းတွင် ၂၀၁၉ ခုနှစ်ကုန်မှ ၂၀၂၂ ခုနှစ်ကုန်အထိ ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆန်းစစ်ခဲ့ပါသည်။

ထိုသို့လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) ၏ စောင့်ကြည့်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးလုပ်ငန်းစဉ်များတွင် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

အဆိုပါ ၁၅ ကြိမ်မြောက် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း၌ ဥရောပသမဂ္ဂ ကုန်သွယ်ရေးဌာနအကြီးအကဲဖြစ်သူ Ms. Sabine Weyand က မိန့်ခွန်းပြောကြားခဲ့ရာတွင် ပြင်းထန်သော ပြင်ပသက်ရောက်မှုများ၊ ကုန်သွယ်ရေးတင်းမာမှုများနှင့် မရေရာမသေချာမှုများအကြားတွင် ဥရောပသမဂ္ဂ၏ ပွင့်လင်းမှုနှင့် နိုင်ငံစုံမူဝါဒအတွက် ခိုင်မာသောကတိကဝတ်ထားရှိမှုကို ထင်ရှားစွာ ဖော်ပြခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂ၏ အစိမ်းရောင်သဘောတူညီချက် (Green Deal) နှင့် ရာသီဥတုဆိုင်ရာမူဝါဒတို့မှ တစ်ဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများကို ခွဲခြားမှုမရှိဘဲ ပွင့်လင်းမြင်သာစွာ တုံ့ပြန်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး၊ ၎င်း၏ ကာဗွန်ထုတ်လုပ်မှုညှိကွပ်ပေးသည့်ယန္တရား (Carbon Border Adjustment Mechanism – CBAM) သို့မဟုတ် သစ်တောပြုန်းတီးမှုဥပဒေကဲ့သို့သော ဆောင်ရွက်နေမှုများအပေါ် ကုန်သွယ်ဖက်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် ဥရောပသမဂ္ဂက ဆန္ဒရှိပါကြောင်းဖြင့် အလေးအနက်ထားပြောကြားခဲ့သည်။

WTO အဖွဲ့ဝင်နိုင်ငံများက WTO ၏ ဥပဒေပြုပြင်ပြောင်းလဲခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်းများတွင် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးပေးမှုများကို ချီးကျူးပြောကြားခဲ့သည်။

WTO တွင် ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းကို ဇွန်လ ၇ ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး၊ ၎င်းတွင် WTO Secretariat ၏ အစီရင်ခံစာအပေါ် အခြေခံသည့် သုံးသပ်ချက် (Written Review Process)၊ ဥရောပသမဂ္ဂ၏ အစီရင်ခံစာနှင့် စိုက်ပျိုးရေး၊ အစိမ်းရောင်ပြုပြင် ပြောင်းလဲမှု၊ ကျားမတန်းတူညီမျှရေး၊ ဒီဂျစ်တယ်ဆိုင်ရာပြဿနာများနှင့် ကုန်သွယ်မှုမူဝါဒ စသည်တို့အပေါ် တွင် WTO အဖွဲ့ဝင်နိုင်ငံများက မေးမြန်းထားသည့် မေးခွန်း ၁၆၀၀ အပေါ် ဥရောပသမဂ္ဂ၏ ဖြေကြားချက်များကို ဆွေးနွေးခဲ့ကြပါသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲခဲ့သည့် ၂၀၁၆ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏအရ အကြီးဆုံး ဖြစ်သည့် အဖွဲ့ဝင် (၄) နိုင်ငံ (ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် တရုတ်နိုင်ငံ) တို့သည် သုံးနှစ်လျှင်တစ်ကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**Source:** WTO report on the 15th EU Trade Policy Review.

**Myantrade.gov.mm**

## ပါကစ္စတန်နိုင်ငံ၊ ဆင်းပြည်နယ်မှ သရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ရေး

တရုတ်နိုင်ငံသည် နိုင်ငံခြားငွေ အမြောက်အများရရှိနိုင်မည့် သရက်သီးအမျိုးအစားအမျိုးမျိုး တင်ပို့နိုင်သည့် ပါကစ္စတန် နိုင်ငံ၏ ဈေးကွက်တစ်ခုဖြစ်လာနိုင်ပါသည်။ မကြာသေးမီက တရုတ်နိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် တန်ဒိုဂျမ် (Tandojam) မြို့ရှိ ဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့သွားရောက်ခဲ့ပြီး သရက်သီးမျိုးများကို လေ့လာခဲ့ကြပါသည်။ ဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ပို့ကုန်အရည်အသွေးမီ တန်ဖိုးမြင့်သရက်သီးထုတ်ကုန်များ ပြုပြင် ထုတ်လုပ်ခြင်းများကို သုတေသနပြုဆောင်ရွက်လျက်ရှိသည်။

ကနဦးအစီအစဉ်အနေဖြင့် တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဆင်းပြည်နယ်နှင့်ပန်ဂျပ်ပြည်နယ်မှ သရက်သီးတန်ချိန် ၆,၀၀၀ ကို ပြုပြင်ထုတ်လုပ်ရန်အတွက် တင်သွင်းရန် စီစဉ်ထားပါသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် မေလမှ စက်တင်ဘာ လအတွင်းသီးသည့် အသားထူသော သရက်သီးများကို ဝယ်ယူလိုကြပါသည်။

**Source:** nation.com.pk

**Myantrade.gov.mm**

## ဈေးကွက်ဝယ်လိုအားမြင့်တက်မှုကြောင့် ကြက်သွန်နီဈေးမြင့်တက်

ယခင်နှစ်ကထက် ကြက်သွန်နီစိုက်ပျိုးမှုဧရိယာ နည်းပါးလာသကဲ့သို့ ထုတ်လုပ်မှုမှာလည်း ကျဆင်းခဲ့ပါသည်။ ကြက်သွန် ဈေးနှုန်းမှာလည်း ဆက်လက်မြင့်တက်လျက်ရှိပါသည်။

ဈေးနှုန်းမြင့်တက်မှုကြောင့် အဝါရောင်ကြက်သွန်နီ စိုက်ပျိုးမှုဧရိယာ သိသိသာသာတိုးလာပြီး စုစုပေါင်း အထွက်နှုန်း မှာလည်း တိုးတက်လာခဲ့ပါသည်။ ထုတ်လုပ်မှုပိုလျှံသောကြောင့် ဈေးနှုန်းအနည်းငယ်သာ ရရှိပါသည်။

ကြက်သွန်နီသည် ရာသီအလိုက် ဟင်းသီးဟင်းရွက်ဖြစ်ပြီး မျိုးကွဲများစွာရှိပြီး နေရာတော်တော် များများတွင် စိုက်ပျိုးနိုင်ပါ သည်။ အကောင်းဆုံး အဝါရောင်ကြက်သွန်နီသည် Gansu ပြည်နယ်မှဖြစ်ပြီး ဩဂုတ်လတွင် ရိတ်သိမ်းနိုင်ပါသည်။ အကောင်း ဆုံးအနီရောင် ကြက်သွန်နီသည် Erhong ပြည်နယ်မှဖြစ်ပြီး အဝါရောင်ကြက်သွန်နီရိတ်သိမ်းပြီး မကြာခင် ရက်မခြားပဲ ရိတ်သိမ်းနိုင်ပါသည်။ ကြက်သွန်နီကို မကြာမီအချိန်အတွင်း ရိတ်သိမ်းတော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ် ကြက်သွန်နီအဝါရောင်သည် ကမ္ဘာပေါ်တွင် ဈေးအနိမ့်ဆုံးဖြစ်ပါသည်။ သို့သော်လည်း အရွယ်အစားအနေဖြင့် ကြီးလွန်းလှ ပါသည်။ အရှေ့တောင်အာရှနှင့် ဥရောပဈေးကွက်တို့တွင် ၅ စင်တီမီတာ-၇ စင်တီမီတာ နှင့် ၆ စင်တီမီတာ-၈ စင်တီမီတာ အရွယ်အစားရှိ ကြက်သွန်နီများကို ရွေးချယ်ဝယ်ယူလေ့ရှိကြပြီး၊ ၉ စင်တီမီတာနှင့်အထက် ကြက်သွန်နီများကို ပြည်တွင်း ဈေးကွက်တွင်သာ ရောင်းချနိုင်ပါသည်။

နိုင်ငံတကာ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် နေရာတွေကနေကြည့်ရင် အဝါရောင်ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုသည် ကျဆင်းခဲ့ပြီး ဈေးကွက်ဝယ်လိုအား မြင့်တက်လျက်ရှိပါသည်။ အိန္ဒိယကြက်သွန်နီနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံအနေဖြင့်

အမြတ်စွန်းများစွာ မရရှိသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယရှိ အနီရောင်ကြက်သွန်နီဈေးသည် တရုတ်ထက်များစွာနည်းပါးသော်လည်း အိန္ဒိယတွင် အနီရောင်ကြက်သွန်နီ အလုံးကြီးများမရှိသည့်အတွက် တရုတ်ကြက်သွန်နီကြီးများမှာ ဈေးကွက်ဝယ်လိုအား မြင့်တက်ဆဲဖြစ်ပါသည်။

Shandong နှင့် Hebei တို့တွင် စိုက်ဧရိယာများပြားစွာ စိုက်ပျိုးသော ကြက်သွန်နီများ၏ ဈေးသည် မကြာသေးမီက သိသိသာသာကျဆင်းသွားခဲ့ပြီး တချိန်တည်းမှာပင် ကြက်သွန်ဖြူ ဈေးလည်းမြင့်တက်လာခဲ့ပါသည်။ ကြက်သွန်နီဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူ သိုလှောင်သောကုမ္ပဏီအချို့ ဝင်ရောက်လာခဲ့ပြီး ကြက်သွန်နီဈေးမြင့်တက်စေသည့် တွန်းအားတစ်ရပ်ဖြစ်လာပါ သည်။ Qingdao ဆိပ်ကမ်းမှ FOB ဖြင့် သယ်ဆောင်လာသော အဝါရောင်ကြက်သွန်နီဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၁၀ ဝန်းကျင်ဖြစ်ပါသည်။ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့်ဖိလစ်ပိုင်တို့အပြင် အရှေ့အလယ်ပိုင်းဈေးကွက်တို့တွင် အနီရောင်တရုတ်ကြက်သွန်နီများ စတင် ဝယ်ယူလာသည်ကို တွေ့ရှိရပါသည်။ တောင်အမေရိကဈေးကွက်အချို့တွင်လည်း ဝယ်လိုအားများရှိနေပြီး နီကာရာဂွာနှင့် ကိုလံဘီယာတို့တွင်လည်း စတင်ရောင်းချနေပြီဖြစ်ပါသည်။

**Source:** International News

**Myantrade.gov.mm**

## STOCK EXCHANGE (9.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2,295 | 18,360,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 126 | 359,150 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | -200 | -2.74% | 7,100 | 7,100 | 7,100 | 67 | 475,700 | 10,400,986 | 73,847 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,500 | 1,450 | 7,320 | 10,614,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 4 | 9,800 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 206 | 988,800 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.64 | -1.78 | -0.50% | 355.13 | 357.08 | 355.13 | 10,018 | 30,807,950 | 7 | 626,666 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

### Main Board

As of 1:00 pm, 9th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,018 (Shares) | 30,807,950 (MMK) |

| MYANPIX | 355.64 ▼ 1.78 |
|---|---|
| Total Volume (shares) | 10,018 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 626,666 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 200 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |

TIR